# ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၏ ရေအားလျှပ်စစ်စီမံကိန်းအခြေအနေများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်လျက်ရှိ**

အစည်းအဝေးတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ လျှပ်စစ်ဓာတ်အားရရှိရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသော ဒေသများသို့ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်များ၊ လေစွမ်းအင်သုံး ဓာတ်အားပေးစက်များ၊ နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားပေးခြင်း၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ယခု နွေရာသီကာလ၌ လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် ၁၁၆၆ မဂ္ဂါဝပ် တိုးတက်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ခဲ့ရာ မကွေးတိုင်းဒေသကြီး၌ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၆၆ မဂ္ဂါဝပ် ကို စတင်တိုးတက် ထုတ်လုပ်နေပြီဖြစ်ပါကြောင်း၊ လက်ရှိ တည်ဆောက်ဆဲ ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီပြီးစီးစေရန်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်မည့် လုပ်ငန်းများအတွက် အသေးစိတ်လုပ်ငန်း ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန် လိုအပ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင်လည်း ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရာ၌ ထိုက်သင့်သည့် အချိန်ကာလယူ၍ တည်ဆောက်ရသဖြင့် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အခြေခံပြီး ရေးဆွဲထားရန်လိုအပ်ကြောင်း၊ နိုင်ငံတော် ဓာတ်အားစနစ်အတွင်းသို့ သတ်မှတ်ကာလများ၌ လျှပ်စစ်ဓာတ်အားများ အမြန်ဆုံးပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ ရေအားလျှပ်စစ် စီမံကိန်းအသစ်များ စတင်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ချဉ်းကပ်လမ်း၊ တံတားနှင့် လူနေအဆောက်အဦများကို စနစ်တကျ တည်ဆောက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် တာဝန်ရှိသူများက စီမံကိန်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ရေအားလျှပ်စစ်စီမံကိန်းအသစ်များ စူးစမ်းလေ့လာခြင်း၊ တည်ဆောက်ပြီးရေလှောင်တမံများ၊ ရေအားလျှပ်စစ်စက်ရုံများနှင့် ဆက်စပ်ရေအားအဆောက်အဦများကို ပြုပြင်ဆောင်ရွက်နေမှုများနှင့် စက်/ယာဉ်/ယန္တရားများနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက သုံးသပ်ဆွေးနွေးတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ **သတင်းစဉ်**

# COVID-19 ရောဂါ ရိုက်ခတ်မှုကြောင့် စက်ရုံ/အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲပြဿနာများဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁၀**
လတ်တလော ဖြစ်ပေါ်နေသော COVID–19 ရောဂါ ရိုက်ခတ်မှုကြောင့် စက်ရုံ/ အလုပ်ရုံများတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲပြဿနာများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက COVID–19 ရောဂါကူးစက်ပြန့်ပွားမှု သတင်းကြောင့် စက်ရုံ၊ အလုပ်ရုံများတွင် ဖြစ်ပေါ်နေသည့် အခက်အခဲပြဿနာများနှင့် ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် COVID–19 စတင်ဖြစ်ပွားနေသည့် အချိန်မှစ၍ အလုပ်ရှင်နှင့် အလုပ်သမားများအပေါ် သက်ရောက်နိုင်သည့် အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြည့်နေမှုများ၊ အခြားသော နိုင်ငံများ၏ ဖြစ်ပေါ်နေမှုများကို လေ့လာ၍ ဖြစ်ပေါ်လာနိုင်သည့် အလုပ်ရှင်/ အလုပ်သမားနှင့် ဝန်ကြီးဌာနမှ ဆောင်ရွက်နိုင်ရေးကိစ္စများကို လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

**ပူးပေါင်းဆောင်ရွက်သွားမည်**

အလုပ်သမားများအနေဖြင့် စက်ရုံများပိတ်သိမ်းမည်ကို စိုးရိမ်ကြောင်းနှင့် ပိတ်သည့်အခါတွင် COVID – 19 ကြောင့် မဟုတ်ဘဲနှင့် အဆိုပါရောဂါကို အကြောင်းပြပြီး ပိတ်ခြင်းဖြစ်မည်ကို စိုးရိမ်ပါကြောင်းနှင့် ပိတ်သိမ်းသည့်အခါတွင် ဥပဒေနှင့်ညီညွတ်မှုမရှိဘဲ ပိတ်သိမ်းသွားမည်ကို စိုးရိမ်ကြောင်း၊ ပိတ်သိမ်းသည့်အခါတွင်လည်း ၎င်းတို့၏ရသင့်ရထိုက်သည့် အခွင့်အရေးများကိုရစေလိုကြောင်း၊ ပြန်လည်ဖွင့်လှစ်မည်ဆိုပါက ၎င်းတို့အား အလုပ်ပြန်လည်ခန့်ထားစေလိုကြောင်း စသည့် တောင်းဆိုမှုများရှိကြောင်း၊ အဆိုပါ စိုးရိမ်ပူပန်မှုများကိုလည်း ဝန်ကြီးဌာနအနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ပြီး စာရင်းဇယားကောက်ယူခြင်း အပါအဝင် အသိပေးသင့်သည်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် လုပ်ဆောင်မှုအားလုံးကိုလည်း အလုပ်ရှင်များ၊ အလုပ်သမားများနှင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် UMFCCI တို့တွင် ဆွေးနွေးခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများက စက်ရုံ၊ အလုပ်ရုံများတွင် လက်ရှိဖြစ်ပေါ်နေမှုများနှင့် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၀**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် မတ် ၉ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ပဲခူးမြို့ အောင်သုခဓမ္မရိပ်သာ ဆရာတော်ကြီးနှင့် ဒါယကာ ဒါယိကာမများက ဆောက်လုပ်လှူဒါန်းသော လေးထပ်ဆေးရုံဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

**လိုအပ်ချက်များတင်ပြ**

ထို့နောက် ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာရန်နိုင်မောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးတင်ပြသည့် ပဲခူးဆေးရုံကြီးကို သင်ကြားရေးဆေးရုံကြီးတစ်ခု ဖြစ်လာစေရေးအတွက် ဝန်ကြီးဌာနမှ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းကာ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ခွေးကိုက်ခံရသူများ ခွေးရူးပြန်ကာကွယ်ဆေး စနစ်တကျထိုးနှံပေးနိုင်ရေးအတွက် Dog bit treatment center ဖွင့်လှစ်လိုမှုကိုလည်း သဘောတူခွင့်ပြုပါကြောင်း၊ ပဲခူးဆေးရုံကြီးရှိ ဝန်ထမ်းအိမ်ရာများ အကြီးစားပြုပြင်ခြင်းလုပ်ငန်း၊ မွေးကင်းစကလေးလူနာဆောင်အသစ်၊ ဆေးနှင့် ဆေးပစ္စည်းသိုလှောင်ရုံအသစ် ဆောက်လုပ်ရန် လိုအပ်ချက်များကို တတ်နိုင်သမျှဦးစားပေး အစီအစဉ်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်၌ ပဲခူးဆေးရုံကြီး အပါအဝင် ဆေးရုံအသီးသီးအနေဖြင့် COVID–19 ရောဂါလူနာ စတင်တွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များအတိုင်း ဆောင်ရွက်နိုင်ရန် အဆင်သင့် ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အပါအဝင် သင်ကြားရေး ဆေးရုံကြီး တစ်ခုဖြစ်အောင် ဝန်ကြီးဌာနမှ ဦးစားပေးအစီအစဉ်ဖြင့် အဆင့်လိုက် ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တာဝန်ရှိသူများက ချက်ချင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်း ပြောကြားသည်။

**သတင်းစဉ်**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၀**
ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

.............

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မတ် ၁၀**
ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

# တရုတ်သမ္မတ ရှီကျင့်ဖျင် ဝူဟန်မြို့သို့ သွားရောက်၍ ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာများ၊ ဆေးဘက်ဝန်ထမ်းများနှင့် တွေ့ဆုံ



**ဝူဟန် မတ် ၁၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ စတင်ဖြစ်ပွားရာ ဝူဟန်မြို့သို့ စစ်ဆေးမှုပြုလုပ်ရန် ယနေ့ ရောက်ရှိလာပြီးနောက် ဟောင်ချန်ရှန်ဆေးရုံသို့ သွားရောက်ခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူးနှင့် ဗဟိုစစ်ဘက်ကော်မရှင်ဥက္ကဋ္ဌဖြစ်သူ သမ္မတ ရှီကျင့်ဖျင်က ဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ လူနာများကုသပေးမှု၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆေးသိပ္ပံဆိုင်ရာသုတေသနနှင့်ပတ်သက်၍ လေ့လာခဲ့သည်။ သမ္မတ ရှီကျင့်ဖျင်က ဆေးကုသမှုခံယူနေသည့် လူနာများနှင့် တွေ့ဆုံခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါကို နေ့ရောညပါ တိုက်ဖျက်နေသည့် ဆေးဘက်ဆိုင်ရာလုပ်သားများထံ လေးစားသမှုရှိကြောင်း ပြောကြားကာ အဆိုပါရောဂါနှိမ်နင်းရေးတွင် ယုံကြည်မှုရှိကြရန် အားပေးခဲ့သည်။

ဟောင်ချန်ရှန်ဆေးရုံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာများကို အထူးကုသပေးရန် ၁၀ ရက်အတွင်း တည်ဆောက်ခဲ့သည့် ခုတင် ၁၀၀၀ ဆံ့ ဆေးရုံတစ်ရုံဖြစ်သည်။ ထို့နောက် သမ္မတ ရှီကျင့်ဖျင်သည် ဝူဟန်မြို့ရှိ လူထုအခြေပြုဗဟိုဌာနတစ်ခု၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည်ဟု သံသယရှိသူများ သီးခြားထားရှိရာ ဂေဟာတစ်ခုတွင် ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ကျော်ထိုက်စိုး

# အာဖဂန်နစ္စတန်မှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမှု စတင်

**ကဘူး မတ် ၁၀**

အာဖဂန်နစ္စတန်နိုင်ငံတွင် အခြေစိုက်လျက်ရှိသော အမေရိကန်တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံမှ စတင်ရုပ်သိမ်းနေပြီဖြစ်ကြောင်း ညွန့်ပေါင်းတပ်ဖွဲ့က ယနေ့ ကြေညာသည်။

အမေရိကန်နှင့် အာဖဂန်နစ္စတန် အစ္စလာမ္မစ်သမ္မတ နိုင်ငံတို့၏ ပူးတွဲကြေညာချက်နှင့် အမေရိကန်နှင့် တာလီဘန် ညှိနှိုင်းရေးမှူးများအကြား သဘောတူညီချက်နှင့်အညီ ရက်ပေါင်း ၁၃၅ ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၈၆၀၀ အထိ လျှော့ချရမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်တပ်ဖွဲ့မှ ထုတ်ပြန်သည့်ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တာလီဘန် ငြိမ်းချမ်းရေး ညှိနှိုင်းရေးမှူးများသည် နှစ်ဖက်အကြား သဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့် ဖေဖော်ဝါရီ ၂၉ ရက်က ကာတာနိုင်ငံတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ယင်းနေ့မှာပင် အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့လည်း အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တွင် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ အမေရိကန်အနေဖြင့် ရက်ပေါင်း ၁၃၅ ရက်အတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ ၎င်း၏ တပ်ဖွဲ့ဝင် ၈၆၀၀ အထိ လျှော့ချမည်ဖြစ်သလို အိုင်အက်စ်နှင့် အယ်လ်ခိုင်ဒါ အစရှိသည့် အကြမ်းဖက်အုပ်စုနှင့် ဆက်ဆံရေးဖြတ်တောက်ခြင်းအပါအဝင် သဘောတူစာချုပ်ပါ တာလီဘန်အုပ်စု၏ သဘောတူညီချက်အပေါ် မူတည်၍ လပေါင်း ၁၄ လအတွင်း အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့အားလုံး နေရပ်သို့ပြန်ကြရမည်ဖြစ်သည်။

အမေရိကန်တပ်ဖွဲ့သည် ၎င်း၏ ပထမအသုတ် တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန်ပြည်နယ်ရှိ တပ်စခန်းတစ်ခုမှ ရုပ်သိမ်းလိုက်ပြီဟု ဆိုသည်။ အာဖဂန်လုံခြုံရေးတပ်ဖွဲ့သည် လုံခြုံရေးတာဝန်များကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလကတည်းက နေတိုးနှင့် အမေရိကန်တပ်ဖွဲ့မှ လွှဲပြောင်းရယူခဲ့ပြီး အပြည့်အဝတာဝန်ယူဆောင်ရွက်လျက်ရှိသည်။

သို့သော် အမေရိကန်တပ်ဖွဲ့ဝင် ၁၃၀၀၀ ခန့် အပါအဝင် ပြည်ပတပ်ဖွဲ့ဝင် ၁၆၀၀၀ ခန့်တို့သည် စစ်သွေးကြွများအား တိုက်ခိုက်ရာတွင် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးရေးနှင့် အကူအညီပေးရေးတာဝန်အတွက် အာဖဂန်နစ္စတန်နိုင်ငံ၌ ဆက်လက်ကျန်ရှိနေခြင်းဖြစ်သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – ဂျေတီ



# အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကန့်သတ်မှုများ တိုးမြှင့်

**ရောမ မတ် ၁၀**

အီတလီနိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ပြန့်ပွားမှုအား ထိန်းချုပ်ရန်အတွက် နိုင်ငံ၏ လူဦးရေ သန်း ၆၀ အပေါ်တွင် ကန့်သတ်မှုများ ချမှတ်ခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်သည့်လုပ်ငန်းတွင် တိုးတက်မှုများ တွေ့မြင်နေရသည်။

အထက်ပါ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကြောင့် ကမ္ဘာ့ငွေကြေးဈေးကွက်နှင့် လောင်စာဆီဈေးကွက်များ မတည်ငြိမ်မှုများ ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အကြီးအကဲ အက်ဒနွန်းဂါဘရီရီဆက်က ယခုဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါသည် လူသားများအတွက် အလွန်အန္တရာယ်ပေးသော ကပ်ရောဂါဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးအနေဖြင့် ခွင့်လွှတ်ထားနိုင်သော အနေအထားတွင်မရှိကြောင်း ပြောကြားသည်။ တရုတ်နိုင်ငံအနေဖြင့်လည်း ကိုရိုနာဗိုင်းရပ်စ် ရောဂါထိန်းချုပ်ရေးဆောင်ရွက်ရာတွင် အလေးထားပြီး သမ္မတ ရှီကျင့်ဖျင်ကိုယ်တိုင် ရောဂါစတင်ဖြစ်ပွားရာ ဟူပေပြည်နယ် ဝူဟန်မြို့သို့ သွားရောက်ပြီး ရောဂါကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အီတလီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ရောဂါဖြစ်ပွားမှုပေါင်း ၉၀၀၀ ကျော်နှင့် သေဆုံးသူပေါင်း ၄၆၃ ဦးရှိသည်။ အီတလီဝန်ကြီးချုပ် ကွန်တီက ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေမှုကို ထိန်းချုပ်သည့်အနေဖြင့် အင်္ဂါနေ့မှစတင်ပြီး အီတလီတစ်နိုင်ငံလုံးတွင် ခရီးသွားလာမှုကို ပိတ်ပင်ထားရန် ကြေညာခဲ့သည်။ သို့သော် ခရီးသွားလာရန် အရေးတကြီးလိုအပ်သော ကိစ္စရပ်များနှင့် ကျန်းမာရေးကိစ္စရပ်များအတွက်မူ ခရီးသွားလာခွင့်ပြုမည်ဟု ပြောကြားခဲ့သည်။ အီတလီနိုင်ငံအနေဖြင့် နိုင်ငံမြောက်ပိုင်းတွင် ထိန်းချုပ်ကန့်သတ်မှုများ တိုးမြှင့်ခဲ့ရာတွင် မီလန်နှင့်ဗင်းနစ်မြို့များတွင်ပါ ထိန်းချုပ်ကန့်သတ်မှုများ တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ အီတလီနိုင်ငံတစ်ဝန်းတွင် အားကစားပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများကိုလည်း ပိတ်ပင်ထားသည်။

အိမ်နီးချင်း ပြင်သစ်နိုင်ငံတွင်လည်း လူ ၁၀၀၀ ကျော် ပမာဏပါဝင်သော လူထုစုဝေးမှုများကို တာဝန်ရှိသူများက ပိတ်ပင်ထားသဖြင့် တေးဂီတဖျော်ဖြေပွဲများနှင့် ယဉ်ကျေးမှုကပွဲများ၊ အားကစားပွဲများကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ကိုးကား–အေအက်ဖ်ပီ၊ ဘာသာပြန်–စိုးသူရ

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ကျူးဘားနိုင်ငံ တိုးမြှင့်ဆောင်ရွက်

**ဟာဗားနား မတ် ၁၀**

ကျူးဘားဝန်ကြီးချုပ် မာရီရိုက ကိုဗစ်–၁၉ ကူးစက်ရောဂါသည် တိုင်းပြည်အတွက် အန္တရာယ်တစ်ခုဖြစ်ပြီး ကျူးဘားပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်နှင့် ပြည်ပခရီးများကိုလည်း မလိုအပ်ဘဲ သွားလာခြင်းမပြုလုပ်ကြရန် ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ်သည် နိုင်ငံထဲ မဝင်ရောက်လာသေးသော အခြေအနေတွင်ရှိနေပြီး ဝင်ရောက်လာပါကလည်း ပြည်သူများအနေဖြင့် ချက်ချင်းသတင်းပို့ရန် လိုအပ်ကြောင်း ၎င်းက ရုပ်မြင်သံကြားမိန့်ခွန်းတွင် ပြောကြားခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုနဲ့ ရောဂါကို ကိုင်တွယ်ကုသမှု လိုအပ်သလို ထိန်းချုပ်ကိုင်တွယ်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်"ဟု ဝန်ကြီးချုပ် မာရီရိုက ပြောကြားသည်။ ၎င်းက တရုတ်အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ကုသရေးကြိုးပမ်းဆောင်ရွက်ချက်များအား ချီးကျူးပြောကြားခဲ့သည်။

ကျူးဘား ကျန်းမာရေးဝန်ကြီး ဂျို့စ်အန်ဂျယ်ကလည်း နိုင်ငံတွင်းရှိ ကိုရိုနာဗိုင်းရပ်စ် သံသယလူနာများတွင် ရောဂါပိုးမတွေ့ရှိကြောင်း ပြောကြားခဲ့သည်။ ကျူးဘားနိုင်ငံအနေဖြင့် ခေတ်ခွဲခန်းများကို ဟာဗားနား၊ စင်တကလယ်ရာနှင့် စင်တီဂိုကျူးဘားတို့တွင်တည်ဆောက်ထားပြီး ကိုရိုနာဗိုင်းရပ်စ် ရောဂါရှာဖွေသောလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။ ကျူးဘားနိုင်ငံတစ်ခုလုံးတွင် အထူးကြပ်မတ်ကုသသော ယူနစ်များ ထားရှိဆောင်ရွက်နေကြောင်း ဂျို့စ်အန်ဂျယ်က ပြောကြားသည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ

# အင်ဒိုနီးရှား၌ ကိုရိုနာဗိုင်းရပ်စ် သတင်းအမှား လူမှုမီဒီယာပေါ်၌ ပျံ့နှံ့စေသည့် လူခြောက်ဦး အဖမ်းခံရ

**ဂျကာတာ မတ် ၁၀**

အင်ဒိုနီးရှားအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်၍ သတင်းအမှားအား အွန်လိုင်းပေါ်မှတစ်ဆင့် ပျံ့နှံ့စေသည့် လူခြောက်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသော လူနာတစ်ဦးသည် အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ဆူရာဘာယာမြို့ရှိ ဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်ဟု မမှန်ကန်သော သတင်းအား လူမှုမီဒီယာပေါ်၌ ပျံ့နှံ့စေသည့် အမျိုးသမီးတစ်ဦးကို အာဏာပိုင်များက မတ် ၉ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

ထို့အပြင် ဘုရားဖူးခရီးစဉ်အဖြစ် ဆော်ဒီအာရေဗျနိုင်ငံသို့ လေယာဉ်ဖြင့်သွားရန် စီစဉ်ထားသည့် မွတ်စလင်အမျိုးသမီးတစ်ဦးသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဂျကာတာအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ချက်ချင်းသေဆုံးခဲ့သည်ဟု မှားယွင်းပြောဆိုမှုအပါအဝင် သတင်းအမှားများအား လူမှုမီဒီယာပေါ်၌ ပျံ့နှံ့စေမှုဖြင့် အခြားလူငါးဦးကိုလည်း အာဏာပိုင်များက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါ လူခြောက်ဦးသည် နိုင်ငံတော်၏ သတင်းအမှားပျံ့နှံ့မှု တားမြစ်ပိတ်ပင်ရေးဥပဒေကို ချိုးဖောက်မှုဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ယင်းဥပဒေချိုးဖောက်သူ တစ်စုံတစ်ဦးသည် ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်ခံရနိုင်ကြောင်း သိရသည်။

"ဒီလို မှားယွင်းတဲ့ သတင်းဖော်ပြသူတွေ ဖမ်းဆီးထိန်းသိမ်းမှုဟာ နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်နဲ့ပတ်သက်တဲ့ သတင်းအမှားတွေ အွန်လိုင်းပေါ်မှာ မပျံ့နှံ့စေဖို့ အခြားလူတွေအတွက် သင်ခန်းစာတစ်ခု ဖြစ်သင့်ပါတယ်" ဟု အင်ဒိုနီးရှား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ ဆယ်မွာလ်အာဘရီဂျာနာပန်ဂျရာပန်က ပြောကြားသည်။

ထို့အပြင် အင်ဒိုနီးရှားအာဏာပိုင်များသည် ကိုရိုနာဗိုင်းရပ်စ်နှင့် ဆက်စပ်သည့် သတင်းအမှားများအား လူမှုမီဒီယာပေါ်တွင် လွှင့်တင်သည့် အမျိုးသမီးတစ်ဦးကိုလည်း ပြီးခဲ့သည့်လက ဖမ်းဆီးထိန်းသိမ်းထားသည်။ ယမန်နေ့က ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ အင်ဒိုနီးရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ ခြောက်ဦးမှ ၁၉ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယမန်နှစ် နှောင်းပိုင်းက တရုတ်နိုင်ငံအလယ်ပိုင်းမှ စတင်ဖြစ်ပွားခဲ့သည့် COVID–19 ရောဂါကြောင့် ကမ္ဘာတစ်ဝန်းတွင် လူ ၄၀၀၀ ကျော် သေဆုံးခဲ့ပြီး ၁၁၀၀၀၀ ကျော် ရောဂါကူးစက်ခံခဲ့ရကြောင်း သိရသည်။

ကိုးကား – အေအက်ဖ်ပီ
ဘာသာပြန် – ဂျေတီ

# ကွမ်းခြံကုန်းမြို့နယ်၌ ဆိုင်ကယ်နှင့်ထော်လာဂျီတိုက်မိ၍ တစ်ဦးသေဆုံး

**ရန်ကုန် မတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မတ် ၉ ရက် ည ၁၁ နာရီ မိနစ် ၅၀ က ဆိုင်ကယ်နှင့် ထော်လာဂျီတိုက်မိ၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွမ်းခြံကုန်းမြို့နယ် ဆင်ဒိုးကျေးရွာလမ်းမပေါ်တွင် ကွမ်းခြံကုန်းမြို့မှ ဆင်ဒိုးကျေးရွာသို့ ဖိုးချမ်း ဆင်ဒိုးကျေးရွာ ကွမ်းခြံကုန်းမြို့နယ်နေသူ မောင်းနှင်ပြီး ဆိုင်ကယ်နောက်တွင် ဦးချစ်ဝင်း (လိပ်စာတူ) လိုက်ပါလာသော ဆိုင်ကယ်နှင့် ဆန့်ကျင်ဘက်လားရာမှ နေလင်းအောင် တော်ခရမ်းလေးကျေးရွာနေသူ မောင်းနှင်လာသော ထော်လာဂျီတို့ တိုက်မိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဖိုးချမ်းသည် ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်နောက်တွင် လိုက်ပါသူ ဦးချစ်ဝင်းသည် ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့သည်။ ထော်လာဂျီမောင်းနှင်သူ နေလင်းအောင်မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကွမ်းခြံကုန်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ နေလင်းအောင်အား ဖမ်းဆီးရမိရေးစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချယ်ရီ**

# ဖားကန့်မြို့နယ်နှင့် အင်းတော်မြို့နယ်တို့တွင် စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၀**

ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာအနီး နမ့်မော်-ဇော့ခါ သွား ကားလမ်းတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ယမန်နေ့က လှရိန် မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဆိုင်ကယ်တူးဘောက်အတွင်းမှ စိတ်ကြွဆေးပြား ၁၁၇၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လှရိန်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



လှရိန်အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

**အင်းတော်**

အင်းတော်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး မျိုးအေးဆွေ ကြီးကြပ်၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မင်းအောင် ဦးစီးသောအဖွဲ့သည် မတ် ၉ ရက် ညနေ ၄ နာရီခန့်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာနှင့် ဆည်ရွာကျေးရွာကြား မီးရထားသံလမ်းဘေးရှိ တောအတွင်း၌ နတ်မဟုတ်ကလေးကျေးရွာနေ အောင်ကျော်ထွန်းအား တွေ့ရှိသဖြင့် ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ၂၀ ဂရမ် သိမ်းဆည်းရမိသဖြင့် အောင်ကျော်ထွန်းအား အင်းတော်မြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ ဖမ်းဆီးအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

# အောင်မြေသာစံ၊ မလှိုင်နှင့် ပုသိမ်မြို့တို့၌ မီးလောင်မှုဖြစ်ပွား

**မန္တလေး မတ် ၁၀**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် အကွက်ဥယျာဉ်တန်းတွင် မတ် ၁၀ ရက် နံနက် ၁၀ နာရီ ၄၁ မိနစ်ခန့်က ဦးဖိုးထွေး၏ နေအိမ်တွင် TV သို့ သွယ်တန်းထားသော Safe Guard ဝိုင်ယာကြိုးအပူလွန်ကဲရာမှ အနီးရှိ ထရံသို့ မီးကူးစက်လောင်ကျွမ်းခဲ့သည်။ မီးလောင်မှုကြောင့် နေအိမ် ၁၄ လုံး မီးလောင်ကျွမ်းခဲ့ပြီး ဦးဖိုးထွေးအား အမှတ်(၄) မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**မလှိုင်၊ ပုသိမ်**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထန်းပင်ကန်(မြောက်) ကျေးရွာတွင် မတ် ၉ ရက် မွန်းလွဲ ၃ နာရီ ၂၁ မိနစ်က ကလေးတစ်ဦး ထန်းရွက်ပုံကို မီးခြစ်ဖြင့် ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ နှစ်ထပ်နေအိမ်တစ်လုံး၊ နွားစာတဲတစ်လုံး၊ မီးဖိုတဲတစ်လုံး၊ ကြက်သွန်ဂိုဒေါင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရပြီး မီးဆော့ကစားခဲ့သူအား မလှိုင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **အောင်ငွေး (မလှိုင်)**

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နေ ဦးမျိုးမြင့်အေး၏ မီးသွေးသိုလှောင်ရုံ၌ ယနေ့ နံနက် ၂ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မီးသွေးသိုလှောင်ရုံအတွင်း သွယ်တန်းထားသော လျှပ်စစ်ဝိုင်ယာကြိုးများပေါ်သို့ မီးသွေးအိတ်များပိပြီး ပေါက်ပြဲကာ အပူလွန်ကဲရာမှ မီးသွေးအိတ်သို့ ကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် မီးသွေးအိတ် ၅၀ ခန့်နှင့် အမိုးသွပ်အနည်းငယ် လောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ဦးမျိုးမြင့်အေးအား ပုသိမ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၄ သန်း)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သန်း ၂၀) စုစုပေါင်းတားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂ ဒသမ ၄ သန်းတန်ဖိုး)ရှိတရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Superman Brand Hi-Fi Speaker (1x2)(40) Pkgs နှင့် တရားမဝင် Recond Light Truck၊ Mirsubishi Canter လိုင်စင်မဲ့ယာဉ်တစ်စီးတို့အား တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လေးကောင်ဂျင် လောင်းကစား ပြုလုပ်သူများ ဖမ်းမိ

**ပင်လည်ဘူး မတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် နန်းတပ်ကျေးရွာအုပ်စု မြို့မကျေးရွာ၏ မြောက်ဘက် တစ်မိုင်ခန့်အကွာ တောထဲတွင် မတ် ၉ ရက် ည ၁၁ နာရီခွဲခန့်က လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ဒုရဲအုပ်သန်းအောင်လွင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ စဉ့်ကူးမြို့နယ် ကန်တောင်ကျေးရွာနေ ရာတင်နှင့် ပင်လည်ဘူးမြို့ မိုးကောင်းရပ်နေ ဉာဏ်ဝင်းတို့အား လောင်းကစားပြုလုပ်သည့် သက်သေခံပစ္စည်းများနှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**အေးမြသက်ထား**

# ဒဂုံဆိပ်ကမ်းမြို့နယ် ရတနာလမ်းပေါ်တွင် ယာဉ်နှစ်စီး တိုက်မိ၊ တစ်ဦးသေဆုံး

**ရန်ကုန် မတ် ၁၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ရတနာလမ်းပေါ်တွင် မတ် ၉ ရက် ည ၈ နာရီခန့်က သာကေတမြို့နယ်မှ ဒဂုံမြို့သစ်(ဆိပ်ကမ်း) သို့ ဦးဝေယံဦး မောင်းနှင်လာသည့် မြေသယ်ယာဉ်နှင့် ဦးသန်းဟန် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူ မောင်းနှင်လာသည့် တိုယိုတာဟိုင်းလပ်ယာဉ်တို့ အမှတ်(၆၇)ရပ်ကွက်ထိပ်တွင် တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ဦးသန်းဟန်မှာ ဒဏ်ရာများဖြင့် နေရာတွင်သေဆုံးခဲ့ပြီး တိုယိုတာဟိုင်းလပ်ယာဉ်နောက်ခန်းတွင် လိုက်ပါလာသည့်လူနှစ်ဦးမှာ ထိခိုက်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နယ်မြေ (၆) ယာဉ်မှုစစ်မှ ယာဉ်ထိန်းတပ်ကြပ် ဦးဇော်မိုးအောင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

**မူးယစ်ကင်းစင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**



# ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲ ကျင်းပ



**နေပြည်တော် မတ် ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ စွမ်းရည်မြှင့်သင်တန်း (၃/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဦးစီးဌာန ရုံးချုပ်သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ယခု ဖွင့်လှစ်သည့် စွမ်းရည်မြှင့် သင်တန်းများသည် ယခင်သင်တန်းများနှင့် မတူညီသည်ကို တွေ့ရပါကြောင်း၊ ယခင်သင်တန်းများတွင် သတင်းရေးသားနည်းသင်တန်း၊ Mobile Journalism ဟုခေါ်သည့် စမတ်ဖုန်းတစ်လုံးဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ဗီဒီယိုရိုက်ခြင်းနှင့် သတင်းရေးသားတည်းဖြတ်ပေးပို့ခြင်းသင်တန်း၊ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် ဘဏ္ဍာရေးစည်းမျဉ်းသင်တန်း၊ ရုံးလုပ်ငန်းနှင့် ရုံးစာရေးသားနည်းသင်တန်း၊ စာကြည့်တိုက်ပညာသင်တန်းနှင့် Media and Information Literacy ဟုခေါ်သည့် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုဆိုင်ရာသင်တန်း စသည်ဖြင့် ဘာသာရပ်တစ်ခုချင်းကို အထူးပြုသင်ကြားပို့ချသည့် သင်တန်းများဖြစ်ပါကြောင်း၊ ယခုသင်တန်းတွင် အဆိုပါဘာသာရပ်များ အားလုံးပါဝင်ပြီး ရက်သတ္တ သုံးပတ်ကျော်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း။

ယခုအခါ လူအများစုမှာ လက်ကိုင်တယ်လီဖုန်းများမှတစ်ဆင့် အွန်လိုင်းမီဒီယာများကို ကျယ်ပြန့်စွာအသုံးပြုလျက်ရှိကြသော်လည်း မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှု အားနည်းကြပါကြောင်း၊ ပြည်သူများအကြား စိုးရိမ်ကြောက်ရွံ့စိတ်၊ အချင်းချင်း သံသယစိတ်နှင့် အမုန်းတရားများ လှုံ့ဆော်ပေးသည့် သတင်းတု သတင်းမှားနှင့် ကောလာဟလစသည်တို့သည် အွန်လိုင်းပေါ်တွင် ပျံ့နှံ့လျက်ရှိပါကြောင်း၊ အွန်လိုင်းပေါ်တွင် မတင်သင့်သည်များ၊ ထပ်ဆင့်မျှဝေသင့်သည်များ၊ ပါဝင်ဆွေးနွေးခြင်းနှင့် သဘောထားမှတ်ချက် မပြုသင့်သည်များကို ခွဲခြားသိရှိပိုင်းခြားဝေဖန် ဆန်းစစ်တတ်စေရန်အတွက် မီဒီယာနှင့် သတင်းအချက်အလက်ဆိုင်ရာ သိနားလည်မှုပညာရပ်ဘာသာရပ်နှင့် သတင်းရေးသားထုတ်ပြန်ခြင်းဘာသာရပ်တို့ကို ယခုသင်တန်း၌ အရေးကြီးသည့် ဘာသာရပ်များအဖြစ် ထည့်သွင်းပို့ချသွားမည် ဖြစ်ပါကြောင်း။

သင်တန်းကို စိတ်ပါဝင်စားစွာဖြင့် တက်ရောက်ပြီး ရရှိသည့် အသိပညာဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် ထိထိရောက်ရောက်အသုံးချကာ လုပ်ဖော်ကိုင်ဖက်များကိုလည်း မျှဝေပေးစေလိုပါကြောင်း ပြောကြားခဲ့သည်။

ယခုသင်တန်းကို ဧပြီ ၃ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒုတိယဦးစီးမှူးအဆင့်ရှိ သင်တန်းသား သင်တန်းသူ ၃၅ ဦးတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာပေ ပထမဆုရရှိသည့် စာရေးဆရာ ဒီပံလင်း၏ "ကမ္ဘာသား အားလုံးအတွက် စိန်ခေါ်ချက်များ" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကမ္ဘာသားအားလုံးတို့သည် ငြိမ်းချမ်းရေးနှင့် ညီမျှသော လူ့အခွင့်အရေးကို လိုလားကြ၍ စစ်ပွဲများအလိုမရှိကြသော်လည်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံများမှာပင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ စိန်ခေါ်ခြင်းခံနေရသည့်အပြင် စစ်ပွဲကြီးများ၊ ပဋိပက္ခများ၊ အကြမ်းဖက်မှုများကပါ ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိရာ ကမ္ဘာလုံးဆိုင်ရာ အင်အားမညီမျှမှုကြီး၏ ဝမ်းနည်းဖွယ်ရာ အကျိုးသက်ရောက်မှုဖြစ်သည့်အပြင် နောင်ကာလတွင် တကယ်စင်စစ်ကြုံတွေ့ရမည့် ကမ္ဘာ့လုံခြုံရေးပြဿနာတစ်ရပ် ဖြစ်လာနိုင်ပုံ၊ ထိုသို့သော ပြဿနာများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် 'ပညာရေး'၏ အခန်းကဏ္ဍမှာ မရှိမဖြစ်လိုအပ်ပုံ၊ နိုင်ငံသားများ၏ ပညာရေးအတွက် ဗျူဟာမြောက်အကွက်ချ စီမံ၍ ရင်းနှီးမြှုပ်နှံသော တိုင်းပြည်များသာလျှင် ကမ္ဘာ့လုံခြုံရေးစိန်ခေါ်မှုများကို ထိထိရောက်ရောက် စီမံကွပ်ကဲနိုင်ပုံတို့ကို ရေးသားတင်ပြထားသည့် ဘာသာပြန်စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၆၀၀ ဖြင့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးရှိ စာပေဗိမာန် စာအုပ်ဆိုင်များနှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉ -၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလေ့ကျပေါက်ပင်မှထွက်ရှိသည့် နေလှည့်စေ့များ တရုတ်နိုင်ငံက ဈေးကောင်းပေးဝယ်ယူ



**မန္တလေး မတ် ၁၀**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိ ကန်သင်းရိုးများပေါ်တွင်စိုက်ပျိုးရန်မလိုဘဲ အလေ့ကျပေါက်ရောက်၍ နွေဦးရာသီကာလ၌ ထွက်ရှိလာသည့် နေလှည့်စေ့များကို တရုတ်နိုင်ငံက တစ်ပိဿာလျှင် ကျပ် ၁၄၅၀ ဈေးအထိဈေးကောင်းပေး၍ ဝယ်ယူနေကြောင်း မန္တလေးမြို့ ပဲဈေးကွက်မှ သိရသည်။

အဆိုပါ နေလှည့်ပင်များသည် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ကန်သင်းရိုးများပေါ် အလေ့ကျပေါက်ရောက်ရှင်သန်နေသည့်အပြင် ကုလားပဲခင်း၊ ကြက်သွန်ခင်း၊ မြေပဲခင်းများတွင် အများဆုံး ရောနှောပေါက်ရောက်လေ့ရှိပြီး အထူးသဖြင့် ငရုတ်စိုက်ခင်းများအနီးတွင် ပိုမိုပေါက်ရောက်ဖြစ်ထွန်းလေ့ရှိကြောင်းနှင့် အပင်အမြင့်မှာ ငါးပေနီးပါးရှိပြီး အစေ့မှာမတ်ပဲအရွယ်နီးပါးခန့်နှင့် အရောင်မှာ အနက်ရောင်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

“ဒီနေလှည့်စေ့ထွက်တဲ့အပင်က အရင်ကဆို အလေ့ကျပေါက်ပြီး အသုံးမဝင်တဲ့အတွက် ပေါင်းပင်အဖြစ်နဲ့ ဖျက်ဆီးပစ်ရတဲ့ အပင်အမျိုးအစားဖြစ်ပါတယ်။ အခုတော့ ဒီအပင်က ထွက်တဲ့အစေ့ကို မန္တလေးပွဲရုံတွေက ဒိုင်ခံဝယ်ယူနေပြီး တရုတ်နိုင်ငံကို တင်ပို့နေတယ်။ သူတို့နိုင်ငံက ဒီအစေ့ကို ဆေးဝါးဖော်စပ်တဲ့နေရာမှာအသုံးပြုကြတယ်လို့ သိရတယ်။ တစ်နှစ်ထက်တစ်နှစ် ဝယ်လိုအားကောင်းလာတဲ့အပြင် ဈေးကလည်းမြင့်လာတဲ့အတွက် တောင်သူတွေအဖို့ ကန်သင်းရိုး ပေါင်းပင်ကနေ အပိုငွေရရှိတဲ့အခွင့်အရေးပေါ့ ” ဟု ၎င်းက ပြောသည်။

အဆိုပါ နေလှည့်စေ့များကို တရုတ်နိုင်ငံက စတင်ဝယ်ယူခဲ့သည်မှာ ဆယ်စုနှစ်တစ်စုအထိ ရှိနေပြီဖြစ်သော်လည်း စတင်ဝယ်ယူခဲ့စဉ်က တစ်ပိဿာလျှင် ကျပ် ၂၀၀ ဈေးသာရှိခဲ့သဖြင့် တောင်သူများ စိတ်ဝင်စားမှု နည်းပါးခဲ့ပြီး ၂၀၁၂ ခုနှစ်မှစ၍ တစ်ပိဿာလျှင် ကျပ် ၈၀၀ ဈေးအထိ ရောက်ရှိလာကာ ၂၀၁၈ ခုနှစ်တွင် အမြင့်ဆုံးဈေးအဖြစ် ကျပ် ၁၂၀၀ အထိ ရောက်ရှိခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

နေလှည့်စေ့ထွက်ရှိသည့် အလေ့ကျပေါက်ပင်များသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မိတ္ထီလာ၊ သဲတော၊ ဝမ်းတွင်း၊ ပျော်ဘွယ်၊ ရမည်းသင်းနှင့် သာစည်မြို့နယ်များတွင် အများဆုံး ပေါက်ရောက် ရှင်သန်လေ့ရှိသည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ဂန့်ဂေါနှင့် ယောဒေသတို့တွင်လည်း ဖြစ်ထွန်းပေါက်ရောက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## သတင်းစုံကဏ္ဍ

### မဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ ကျင်းပ

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်မြတ်ကြီး (၃၅) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲ မဟာမင်္ဂလာအခမ်းအနားကို မတ် ၈ ရက် နံနက် ၉ နာရီက ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာမဏ္ဍပ်ကြီး၌ ကျင်းပသည်။

ကျိုက္ကစံစေတီတော်ဂေါပကအဖွဲ့၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက ကျိုက္ကစံပထမရွှေကျင်တိုက် ဆရာတော်ကြီး ဦးသုမနအမှူးပြုသောဩဝါဒစရိယဆရာတော်များနှင့် ပဓာနဆရာတော် ၃၅ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

**တင်ကြည်(သဃ်္ဃန်းကျွန်း)**

### ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံရသော ဆရာတော်နှစ်ပါးအား ပူဇော်

**နတ်တလင်း**

နိုင်ငံတော်မှ သာသနာရေးဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် နတ်တလင်းမြို့နယ် မြို့လယ်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်အရှင်သူမြတ်နှစ်ပါးအား မတ် ၉ ရက် ညနေ ၄ နာရီက ကြိုဆိုပင့်ဆောင်ပူဇော်ပွဲကျင်းပသည်။

မြို့လယ်ပရိယတ္တိစာသင်တိုက်မှ စာသင်စာချတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝါစိဿရအား ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ဘဒ္ဒန္တနန္ဒမာလာ ကုဋ္ဌိအား သာသနဓဇဓမ္မာစရိယဘွဲ့တံဆိပ်တော်ကိုလည်းကောင်း ဆက်ကပ် ပူဇော်ခြင်းခံရကြောင်း သိရသည်။

**ဝင်းမြင့်(နတ်တလင်း)**

### ယဉ်ကျေးမှုအခြေပြု သင်တန်းဖွင့်ပွဲ ကျင်းပ

**ထားဝယ်**

(၂၂)ကြိမ်မြောက် နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့မယဉ်ငေးသာသနာ့ရိပ်သာ ဆွမ်းစားကျောင်းအပေါ်ထပ်၌ ကျင်းပသည်။

သင်တန်းတွင် ရှင်သာမဏေ ၃၂၅ ပါး၊ သီလရှင်အပါး ၂၀၀၊ ဖိုးသူတော်ခြောက်ပါး၊ ယောဂီ ၉၄ ပါး စုစုပေါင်း ၆၂၅ ပါးအား မတ် ၉ ရက်မှ ဧပြီ ၉ ရက်ထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ပုသိမ်တွင် မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့ ကျင်းပ

**ပုသိမ်**

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း ဧရာဝတီတိုင်းဒေသကြီးအသင်းခွဲက ကြီးမှူးကျင်းပသော (မြန်မာ့တိုင်းရင်းဆေးသမားတော်နေ့)အခမ်းအနားကို မတ် ၈ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းရင်းဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**ဇော်မင်းသွင်(မြောင်းမြ)**

### နွေစပါးလျာထားကေထက် ကျော်လွန်စိုက်ပျိုး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း နွေစပါး ၆၀၂၁၂ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ခရမ်းမြို့နယ်၊ ဒလမြို့နယ်၊ တွံတေးမြို့နယ်၊ ကော့မှူးမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့တွင် နွေစပါးများ စိုက်ပျိုးခဲ့ရာ ယနေ့အထိ စိုက်ပျိုးပြီးစီးသော နွေစပါး ၆၈၀၀၇ ဧကရှိသည့်အတွက် သတ်မှတ်လျာထားစိုက်ပျိုးကေထက် ကျော်လွန်စိုက်ပျိုးထားကြောင်း သိရသည်။

**သက်ခိုင်(သန်လျင်)**

### မိုးညှင်းတွင် ဆောင်းသီးနှံ ပဲပုပ် ကွင်းသရုပ်ပြပွဲ ကျင်းပ

**မိုးညှင်း**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်တွင် ဆောင်းသီးနှံပဲပုပ် ကွင်းသရုပ်ပြပွဲကို မတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် တောင်သူဦးဖိုးလုံး၏ ကွင်းအမှတ်(၃၁၂) ရေဆင်း(၆) ပဲပုပ်စံပြစိုက်ခင်း၌ ကျင်းပသည်။

မိုးညှင်းမြို့နယ်အတွင်း ပဲပုပ်စိုက်ပျိုးသည့် တောင်သူများ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ရာ ယခုနှစ်အတွင်း ဆောင်းသီးနှံပဲပုပ်စိုက်ဧက ၂၀၀၀၀ ကျော်ရှိပြီး အများဆုံးစိုက်ပျိုးသည့် ပဲပုပ်အမျိုးအစားမှာ ရေဆင်း(၁၁)နှင့် ရေဆင်း(၆)ပဲပုပ်မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း မြို့နယ်စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနအရာရှိ ဦးမြင့်သောင်းက ပြောသည်။

**ကျော်ကျော်(မိုးညှင်း)**

## စပိန်နိုင်ငံက ဘောလုံးပြိုင်ပွဲများကို အနည်းဆုံးလာမယ့် နှစ်ပတ်ကြာအထိ တံခါးပိတ်ကျင်းပမည်

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု စိုးရိမ်ရတဲ့အတွက် စပိန်နိုင်ငံရဲ့ ဘောလုံးပြိုင်ပွဲများကို အနည်းဆုံး လာမယ့်သီတင်းပတ်နှစ်ပတ်ကြာအထိ တံခါးပိတ်ကျင်းပသွားဖို့ရှိနေတယ်လို့ သိရပါတယ်။


အဲဒီလို ပြောင်းလဲခဲ့မှုဟာ မတ် ၁၀ ရက်ကနေ စတင်အသက်ဝင်ခဲ့တာဖြစ်ပြီး အီဘားအသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့အကြား ယှဉ်ပြိုင်မယ့်ဘောလုံးပွဲစဉ်ကိုလည်း ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့် ပိတ်ပင်ထားတယ်လို့ သိရပါတယ်။

ဘာစီလိုနာအသင်းနဲ့ နာပိုလီအသင်းတို့ မတ် ၁၈ ရက်မှာ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ပွဲစဉ်ကိုလည်း ဘာစီလိုနာအသင်းရဲ့ အိမ်ကွင်းဖြစ်တဲ့ နူးကမ့်ကွင်းမှာ ပရိသတ်ဝင်ရောက်ကြည့်ရှုခွင့်မရှိတဲ့အတွက် ပရိသတ်ပါဝင်ခြင်းမရှိဘဲ ကျင်းပရမှာလည်းဖြစ်ပါတယ်။ ဘာစီလိုနာအသင်းနဲ့ နာပိုလီအသင်းတို့ဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

စပိန်နိုင်ငံအပြင် အီတလီနိုင်ငံတွင်လည်း ဘောလုံးပွဲအများစုကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ပရိသတ်မပါဘဲ ကစားခဲ့ရတာဖြစ်ပြီး စပိန်လာလီဂါမှ ကလပ်အသင်းများနဲ့ အီတလီစီးရီးအေမှ ကလပ်အသင်းများ ယှဉ်ပြိုင်ကစားကြမယ့်ပွဲစဉ်တွေကိုလည်း တံခါးပိတ် ကျင်းပဖို့ရှိနေတာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ စပိန်လာလီဂါကလပ် ဆီဗီလာအသင်းနဲ့ အီတလီစီးရီးအေကလပ် ရိုးမားအသင်းတို့ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ်ပွဲစဉ်နဲ့ စပိန်လာလီဂါကလပ် ဂီတာဖေးအသင်းနဲ့ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ်ပွဲစဉ်တွေကိုလည်း ပရိသတ်မပါဘဲ တံခါးပိတ်ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။

အီတလီနိုင်ငံကတော့ နိုင်ငံအတွင်းကျင်းပမယ့် အားကစားပြိုင်ပွဲအားလုံးကို ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဧပြီ ၃ ရက်အထိ ရွှေ့ဆိုင်းသွားဖို့ရှိနေပြီး မန်ယူအသင်းနဲ့ LASK အသင်းတို့ ဩစတြေးလျနိုင်ငံမှာ ယှဉ်ပြိုင်ကစားမယ့် ယူရိုပါလိဂ် ၁၆ သင်း အဆင့်ပွဲစဉ်ကိုလည်း ပရိသတ်မပါဘဲ ကျင်းပသွားဖို့ရှိနေတာဖြစ်ပါတယ်။




## မန်ယူအသင်းက ကွင်းလယ်ကစားသမား ဂျက်ဆီလင်းဂတ်အား နွေရာသီဈေးကွက်အတွင်း ရောင်းချမည်ဟုဆို


မန်ယူအသင်းဟာ ကွင်းလယ်ကစားသမား ဂျက်ဆီလင်းဂတ်ကို လာမယ့်နွေရာသီဈေးကွက်အတွင်းမှာ ရောင်းချသွားဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဂျက်ဆီလင်းဂတ်ရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းဟာ ၂၀၂၁ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး မန်ယူအသင်းအနေနဲ့ ကွင်းလယ်ကစားသမား ဂျက်ဆီလင်းဂတ်နဲ့ ပေါ့ဘာတို့ကို အသင်းကနေ ထွက်ခွာခွင့်ပြုသွားဖို့ဆုံးဖြတ်ထားကာ ပေါ့ဘာကိုတော့ ရီးယဲလ်မက်ဒရစ်အသင်း သို့မဟုတ် ဂျူဗင်တပ်အသင်းဆီ ရောင်းချသွားဖို့ စီစဉ်နေတာဖြစ်ပါတယ်။

မန်ယူအသင်းအနေနဲ့ ဂျက်ဆီလင်းဂတ်နဲ့ ပေါ့ဘာတို့ကို ရောင်းချပြီး ဂျာဒန်ဆန်ချို၊ ဂျက်ဂရီယယ်လစ်ရှ်နဲ့ ဂျိမ်းစ်မက်ဒီဆင်တို့ကို အစားထိုးခေါ်ယူသွားဖို့လည်း ရှိနေတာဖြစ်ပါတယ်။

မန်ယူအသင်းဟာ အက်စတွန်ဗီလာအသင်းတိုက်စစ်မှူး ဂရီယယ်လစ်ရှ်ကို ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ အထိသုံးစွဲပြီး နွေရာသီဈေးကွက်အတွင်း ခေါ်ယူသွားမယ်လို့လည်း ဆိုပါတယ်။

**ငွေကြယ် - စုစည်းသည်**




## မန်ယူအသင်းတောင်ပံကစားသမား တာဟစ်ချောင် ၂၀၂၂ အထိ ဆက်ရှိမယ့် စာချုပ်သစ်တစ်ရပ်ချုပ်ဆို

မန်ယူအသင်းရဲ့ တောင်ပံကစားသမား တာဟစ်ချောင်ဟာ ၂၀၂၂ ခုနှစ်အထိ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ကို ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ပါတယ်။

အသက် ၂၀ အရွယ်ရှိ တောင်ပံကစားသမား တာဟစ်ချောင်ဟာ အခုနှစ်ဘောလုံးရာသီကုန်မှာ မန်ယူအသင်းနဲ့ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး စာချုပ်သက်တမ်းကုန်ပါက အခြားအသင်းသို့ ပြောင်းရွှေ့ကစားဖို့ စီစဉ်ခဲ့ဖူးသူလည်းဖြစ်ပါတယ်။ နယ်သာလန်နိုင်ငံရဲ့ အသက် ၂၁ နှစ်အောက် ကြယ်ပွင့်ကစားသမား တာဟစ်ချောင်ဟာ မန်ယူအသင်းနဲ့အတူ ၁၄ ပွဲအထိ ပါဝင်ကစားပေးထားသူလည်းဖြစ်ပါတယ်။

## အနုပညာ

## တရုတ်ကို သွားရောက်ဖို့ တောင်းဆိုခဲ့တဲ့ ဗင်ဒီဇယ်

ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသားကြီးတစ်ဦးဖြစ်သူ ဗင်ဒီဇယ်ဟာ လက်ရှိအခြေအနေမှာပင် တရုတ်နိုင်ငံကို သွားရောက်လိုကြောင်း ပြောကြားခဲ့တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တရုတ်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကြောင့် လက်ရှိ မှာ ရုပ်ရှင်ရုံတွေ ပိတ်ထားရပေမယ့် ဗင်ဒီဇယ်ကတော့ သူ့ရဲ့ ရုပ်ရှင်သစ်အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်ဖို့ရာ တရုတ်နိုင်ငံကို သွားရောက်လိုကြောင်း ယင်းရုပ်ရှင်ထုတ်လုပ်ရေးကို တောင်းဆိုခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အသက် ၅၂ နှစ်အရွယ် မင်းသားကြီး ဗင်ဒီဇယ်ဟာ သူ့ရဲ့ပရိသတ်တွေကို ကျေနပ်ပျော်ရွှင်စေလိုတာကြောင့် ရုပ်ရှင်သစ် Bloodshot or Fast and Furious 9 အတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို တရုတ်နိုင်ငံမှာ လုပ်ဆောင်လိုကြောင်း ရုပ်ရှင်သစ်ကိုထုတ်လုပ်တဲ့ ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကိုပြောကြားကာ လက်ရှိအချိန်မှာပင် တရုတ်နိုင်ငံကို သွားရောက်လိုကြောင်း တောင်းဆိုခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ယူအက်စ်အေတူဒေးနဲ့ ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဗင်ဒီဇယ်က လတ်တလောအချိန်မှာ သူဟာ ပရိသတ်တွေအတွက် ရှိနေပေးချင်ကြောင်းနဲ့ ပရိသတ်တွေဟာလည်း သူတို့နဲ့အတူ ရှိနေပေးခဲ့တယ်ဆိုတာ ပြသခဲ့ပြီးဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပါတယ်။

ဒ့ါအပြင် ဗင်ဒီဇယ်က ဒီတစ်ကြိမ်မှာ ရုပ်ရှင်ပြသမှုဟာ ယခင်ကလို ရုပ်ရှင်ဝင်ငွေကဲ့သို့သောအရာတွေအတွက်မဟုတ်ဘဲ အားပေးကြတဲ့ပရိသတ်တွေရဲ့ ပျော်ရွှင်မှုအတွက် လုပ်ဆောင်လိုကြောင်းလည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## ဂျီချန်ဝတ်ခ်နဲ့ ကင်မ်ယိုဂျန်တို့ရဲ့ ရုပ်ရှင်သစ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင်တွေဖြစ်ကြတဲ့ မင်းသား ဂျီချန်ဝတ်ခ်နဲ့ မင်းသမီး ကင်မ်ယိုဂျန်တို့ဟာ ရုပ်သံဇာတ်လမ်းတွဲရုပ်ရှင်သစ်အတွက် အတူတွဲဖက်ပါဝင်ထားကြပြီး လတ်တလောမှာ အဆိုပါရုပ်ရှင်သစ်ထုတ်လွှင့်မယ့်ရက်နဲ့ ရုပ်သံလိုင်းကို ထုတ်ဖော်အသိပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကြယ်ပွင့်နှစ်ဦးရဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်ကို Convenience Store Saet Byul လို့ ယာယီအမည်ပေးထားပြီး စနေ၊ တနင်္ဂနွေနေ့တိုင်း SBS ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီဇာတ်လမ်းတွဲမှာ စတိုးဆိုင်ပိုင်ရှင်တစ်ဦးနဲ့ ဝန်ထမ်းအကြားက အချစ်ဇာတ်လမ်းအကြောင်းကို ပုံဖော်ထားတာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီဇာတ်လမ်းတွဲကို လာမယ့် ဇွန်လအတွင်း စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



❂ **မြန်မာ့လက်ရွေးစင်မှ**

နှင့် အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားနေသည့် COVID-19 ရောဂါကြောင့် ရွှေ့ဆိုင်းကြောင်း မတ် ၉ ရက်က တရားဝင် သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပြည်ပကလပ်အသင်းများတွင် သွားရောက်ကစားနေသူများမှာ သက်ဆိုင်ရာကလပ်များနှင့် ပူးတွဲလေ့ကျင့်နေခြင်း၊ ခရီးသွားလာခြင်းများ ခက်ခဲနိုင်သောကြောင့် မရွေးချယ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ၎င်းစတင်ကိုင်တွယ်သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ရွေးချယ်ခဲ့သည့် ကစားသမားအများစုကို ဆက်လက်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ သို့သော် လက်ရှိကျင်းပနေသည့် ၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြပြီး ဇယားထိပ်ဆုံးသို့ ရောက်ရှိနေသည့် ဟံသာဝတီအသင်းမှ ကစားသမားများမှာမူ ရွေးချယ်ခြင်း မခံခဲ့ရကြောင်း သိရသည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် **ဂိုး**-ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရှောဝတီ)၊ ပြည့်လျှံအောင် (ရတနာပုံ)၊ **နောက်တန်း**-သိန်းသန်းဝင်း၊ ထိုက်ထိုက်အောင် (ရန်ကုန်)၊ ဟိန်းသီဟဇော်၊ ဒေးဗစ်ဒန်း၊ နန္ဒကျော်၊ ငြိမ်းချမ်း (ရှမ်းယူနိုက်တက်)၊ ဇော်ရဲထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ ကျော်ဇင်လွင် (ရှောဝတီ)၊ **အလယ်တန်း**-မောင်မောင်လွင်၊ မောင်မောင်ဝင်း (ရန်ကုန်)၊ လွင်မိုးအောင် (ရှောဝတီ)၊ ဇင်ဖြိုးအောင် (ဖွဲကပင်)၊ လှိုင်းဘိုဘို၊ မျိုးကိုထွန်း (ရတနာပုံ)၊ ရန်နိုင်ဦး၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**- အောင်သူ (ရတနာပုံ)၊ သန်းပိုင် (ရန်ကုန်) နှင့် ပြည်မိုး (မကွေး) တို့ ပါဝင်ကြသည်။ **ရှိုင်းထက်ဇော်**

❍ **MNL ပြိုင်ပွဲမှ**

COVID-19 ကြောင့် ခြေစစ်ပွဲများ ရွှေ့ဆိုင်းခဲ့ရာ MNL ပွဲစဉ်များကိုလည်း ပြန်လည်ပြောင်းလဲခဲ့ရခြင်းဖြစ်သည်။ ၂၀၂၀ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၀) ကို မတ် ၂၈၊ ၂၉ ရက်နှင့် ပွဲစဉ် (၁၁) ကို ဧပြီ ၄၊ ၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ပြောင်းလဲလိုက်သည့်ပွဲစဉ်အရ ပွဲစဉ် (၁၀) အဖြစ် မတ် ၂၈ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် အားကာသိပ္ပံအသင်း၊ သုဝဏ္ဏကွင်း၌ မကွေးအသင်းနှင့် ရန်ကုန်အသင်း၊ ပုသိမ်ကွင်း၌ ရှောဝတီအသင်းနှင့် ရခိုင်အသင်း၊ မတ် ၂၉ ရက်တွင် ပဲခူးကွင်း၌ ဟံသာဝတီအသင်းနှင့် ဖွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် Southern အသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ ပွဲစဉ် (၁၁) အဖြစ် ဧပြီ ၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်အသင်းနှင့် ဟံသာဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်အသင်း၊ မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် မကွေးအသင်း၊ ဧပြီ ၅ ရက်တွင် မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် အားကာသိပ္ပံအသင်း၊ မုံရွာကွင်း၌ စစ်ကိုင်းအသင်းနှင့် ရှောဝတီအသင်း၊ သုဝဏ္ဏကွင်း၌ ချင်းယူနိုက်တက်အသင်းနှင့် ဖွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

❒ **AFC Cup ပြိုင်ပွဲမှ**

ပထမပိုင်းတွင် ဂိုးမရဘဲ ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်အသင်းက ကစားသမားများ ပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သလို ဟောင်အန်အသင်းမှာလည်း ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သည်။ ဟောင်အန်အသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေးနှစ်ကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍သာ ရန်ကုန်အသင်း ဂိုးမပေးခဲ့ရခြင်းဖြစ်သည်။ ၈၁ မိနစ်တွင် ရန်ကုန်အသင်း အနိုင်ဂိုးရခဲ့ပြီး မောင်မောင်လွင်၏ ဖန်တီးပေးမှုမှတစ်ဆင့် တိုက်စစ်မှူးသန်းပိုင်က သွင်းယူခဲ့သည်။ ရန်ကုန်အသင်းပါဝင်သည့် အုပ်စု (F) အခြားပွဲတွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)နှင့် ရန်ကုန် (မြန်မာ) အသင်းတို့က ခုနစ်မှတ်စီရထားပြီး ဟောင်အန်ယူနိုက်တက် (စင်ကာပူ) အသင်းက သုံးမှတ်ရထားကာ လာအိုတိုယိုတာ (လာအို) မှာမူ သုံးပွဲစလုံး အရေးနိမ့်ထားသည်။ အုပ်စု (F) အခြားပွဲတွင် ဟိုချီမင်းစီးတီးအသင်းက အဝေးကွင်းတွင် လာအိုတိုယိုတာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

စင်ကာပူနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) အသင်းက မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

အုပ်စု (G) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ) က ခုနစ်မှတ်၊ ကာယာ (ဖိလစ်ပိုင်) က ငါးမှတ်၊ မာကာဆာ (အင်ဒိုနီးရှား) က လေးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဘုန်းသော်**

CHIGO

AUFIT
Air Con From THAILAND

# နှစ်ရာသီအထူး ကံစမ်းမဲပွဲတော်

## ငွေကျပ်သိန်းပေါင်း ၂၅၀၀ ကျော်တန်ဖိုးရှိ ဆုမဲပေါင်းများစွာ

MCG ရဲ့ ချစ်လှစွာသော ကျေးဇူးရှင် Customer များအားလုံး စောင့်မျှော်နေတဲ့ ပရိုမိုးရှင်း
Air Con တစ်လုံးဝယ်ယူပြီး Air Con တစ်လုံးထပ်မံရရှိနိုင်မည့်အပြင်
ရွှေသားဆုများနှင့် အခြားဆုမဲများစွာ ရရှိနိုင်မည့် အထူးအခွင့်အရေးကြီးလာပါပြီ . . .



ရွှေ(၅)ကျပ်သား
၂ဆု



ရွှေ(၁၀)ကျပ်သား
၃ဆု



ရွှေ(၁)ကျပ်သား
၁၀ဆု



အဲကွန်း အလုံး ၅၀၀
နှင့်
အခြားဆုမဲပေါင်းများစွာ



Promotion ကာလ 1.3.2020 to 30.6.2020

Chigo Myanmar AUFIT Myanmar
YGN : 09 259 335511, MDY : 09 259 335588, NPT : 09 259 335566

## ဦးဘချစ်
**ညွှန်ကြားရေးမှူး(ငြိမ်း) ဆည်မြောင်းဦးစီးဌာန**
**အသက်(၉၁)နှစ်**
**ရန်ကုန်မြို့၊ ပါရမီရိပ်သာ**

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၃)၊ အမှတ်(၂၀/ခ)၊ ချစ်ရိပ်မြိုင်နေ (ဦးတေဂျာဆင်-ဒေါ်အေးညွန့်)တို့၏ သား၊ ဒေါ်ခင်အေးကြူ(ရက္ခဗေဒဌာနမှူး-ငြိမ်း၊ မန္တလေးဆေးတက္ကသိုလ်)၏ ချစ်လှစွာသောခင်ပွန်း ဦးဘချစ်သည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ပါရမီရိပ်သာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (ပါရမီနေအိမ်မှ ကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ထွေး (ဒလ-ပျော်ဘွယ်ကြီး)
**အသက်(၈၇)နှစ်**
**ပန်းဘဲတန်းကုန်သွယ်ရေး (ငြိမ်း)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၈)၊ အခန်း(၀၀၃)နေ (ဦးဘအင်-ဒေါ်သဲညွန့်)တို့၏ သမီး၊ ဦးအောင်ထူးဝင်း (Tony Tun Tun Beauty Centre)-ဒေါ်ယဉ်ယဉ်ထွေး (သတင်းတပ်ဖွဲ့)၊ ဦးထွန်းနိုင်ဦး (Alpine Engineering Service Co.,Ltd, Singapore)-ဒေါ်မီမီဝင်း(အလက-၈၊ လှိုင်)တို့၏ မိခင်၊ မဆုအိန္ဒြေဦး၊ မောင်ဥက္ကာမော်ဦး၊ မဖူးမြတ်ဟေသီတို့၏အဘွားသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှကြိုင်
**စာရင်းစစ်မှူး(ငြိမ်း)၊ မှော်ဘီမြို့နယ်စာရင်းရုံး**
**အသက် (၆၉) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ပေါက်ကံရွာနေ (ဦးအုန်းမောင်-ဒေါ်နု)၊ (ဦးလှသောင်း-ဒေါ်တင်ဥ)တို့၏သား၊ ဘုရားကလေးရွာနေ ဦးလှမြင့်-ဒေါ်စန်းစန်းဝင်း၊ သရက်ကုန်းရွာနေ ဦးလှတင်ဦး-ဒေါ်မြမြ၊ ပေါက်ကံရွာနေ ဦးမြလှိုင်-ဒေါ်ခင်အုန်းမြင့်၊ ဦးဟန်တင်စိုး-ဒေါ်အေးအေးမူ၊ ဦးကျော်ဆွေ-ဒေါ်ခင်အေးပို၊ ဒေါ်ရီရီချို၊ ဦးကျော်ဇင်ဝင်း-ဒေါ်ဝါဝါမိုး၊ ရန်ကုန်မြို့နေ ဦးအောင်ကြီး-ဒေါ်ဌေးဝင်း၊ ဦးလေးလွင်-ဒေါ်ဥမ္မာတင်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့နေ (ဦးလှကျော်-ဒေါ်သန်းသန်း)တို့၏ သားသမက်၊ ဦးချစ်ထွန်း-ဒေါ်ရီရီလှ၊ ဦးကျော်မင်း-ဒေါ်ကြူကြူလှ၊ ဒေါ်ညိုညိုလှတို့၏မောင်၊ (ဦးသန်းအောင်)-ဒေါ်မို့မို့မာ၊ ဦးလှခိုင်-ဒေါ်ရီရီမာတို့၏ အစ်ကို၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကြံခင်းလမ်း၊ အမှတ်(၆)၊ လေးလွှာနေ ဒေါ်ဖြူဖြူလှ (လ/ထညွှန်မှူး-ငြိမ်း၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)၏ ခင်ပွန်း၊ ဗိုလ်ကြီးစိုးသူရ (8th D.S.M.A) (သုတေသနအရာရှိ၊ တပ်မတော်ဆေးဖက်ဆိုင်ရာပညာသင်ကျောင်း)၏ဖခင် ဦးလှကြိုင်သည် ၈-၃-၂၀၂၀ (တနင်္ဂနွေ နေ့) မွန်းလွဲ ၁:၅၇ နာရီတွင် အမှတ်(၂) တပ်မတော် ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (ကြံခင်းလမ်းနေအိမ်နှင့် ကျိုက်ဝိုင်းဆေးခန်းတို့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးသိန်းစိုးဦး
**အသက် (၅၃) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့၊ အနောက်ရိုးကြီးရပ်နေ (ဦးအုန်း-ဒေါ်ဖွားချစ်)၊ ရန်ကုန်မြို့၊ အင်းစိန်မြို့၊ ကြို့ကုန်းအရှေ့ ကျမ်းစာသင်ကျောင်းလမ်းနေ (ဦးစံမြင့်-ဒေါ်လှကြီး)တို့၏ မြေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အမှတ်(၁၅)၊ ငါးလွှာ၊ နွယ်နီလမ်းနေ (ဦးခင်ဝင်း)၊ ဒေါ်ကျင်လေးတို့၏သားသမက်၊ မှော်ဘီမြို့နေ ဦးတင်အေး-ဒေါ်ရီရီငြိမ်း၊ ဒေါ်ဖြိုးဇာခိုင်၊ ဦးဝဏ္ဏာအောင်-ဒေါ်ဇာလွင်မော်၊ မသွယ်သွယ်ဝင်း(ကြည့်မြင်တိုင်၊ မြန်မာ့စီးပွားရေးဘဏ်) တို့၏အစ်ကိုကြီး၊ မှော်ဘီမြို့နေ (ဦးလှရွှေ-ဒေါ်သန်းသန်းဆင့်)တို့၏ သားကြီး၊ အလုံမြို့နေ ဒေါ်ဥမ္မာဝင်း (အခွန်ဦးစီးမှူး၊ သာယာဝတီမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သီဟန်စိုး (1st စာကြည့်/သုတ၊ Y.U)၏ ဖခင်၊ တူ/တူမ သုံးယောက်တို့၏ဦးလေးသည် ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၂၀ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးမြင့်ဌေး (ငြိမ်း)
**အထွေထွေမန်နေဂျာ (ငြိမ်း)၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန**
**အသက် (၆၅) နှစ်**

သူငယ်ချင်း ဒေါ်အေးမြင့် (ခရိုင်ဥပဒေအရာရှိ-ငြိမ်း)၏ခင်ပွန်း ဗိုလ်မှူးမြင့်ဌေး (ငြိမ်း)သည် ၆-၃-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်**
**B.A (Law), LL.B 7th Batch သူငယ်ချင်းများ**

## အနိစ္စ

**မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)**
## ဒေါ်သိန်းတင်(ခ)ဒေါ်ဆိတ်ဖြူ
**အသက်(၈၂)နှစ်**

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ မြို့သစ်ရပ်ကွက်၊ စည်ပင်သာယာလမ်းနေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် ဦးအောင်လင်း (အတွင်းရေးမှူး)-ဒေါ်ရွှေခဲတို့၏ မိခင်သည် ၉-၃-၂၀၂၀ရက်တွင် မာန်အောင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မာန်အောင်မြို့၊ မြို့မသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/သားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

## ဦးမြတ်လွင်
**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၀)နေ (ဦးချူလျောင်ဟိုး-ဒေါ်ရှုရီ)တို့၏ သားကြီး၊ ဒေါ်အေးမြင့်လေး၏မောင်၊ ဒေါ်ခင်အေးမြတ်-ဦးမြင့်သိန်း၊ ဦးသိန်းဝေ-ဒေါ်ချိုချို၊ ဒေါ်တင်တင်ဌေး၊ ဦးဌေးဝေတို့၏အစ်ကို ဦးမြတ်လွင်သည် ၁၀-၃-၂၀၂၀ ရက် နံနက် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးဆွင်းရှင်းထန် @ ဦးထန်
**အသက် (၆၂) နှစ်**

တီးတိန်မြို့နယ်၊ဆွောင်းပီးကျေးရွာ နေ (Pu Dam Cin-Pi Dim Man) တို့၏တတိယမြောက်သား၊ (Pu Ngul Cin-Pi Nian Zen)တို့၏သားသမက်၊ Pa Tual Za Nang(မှော်ဘီ၊ ရန်ကုန်)၏ညီငယ်၊ Nu Cing Ngaih Lian (ဆွောင်းပီး၊ တီးတိန်)၏မောင်၊ Nu Niang Khan Lun, Nu Niang Sian Khoi (ဆွောင်းပီး၊ တီးတိန်မြို့)တို့၏ အစ်ကို၊ Nu Man Deih Lian Cing (ခ) မမိုးမိုး (လှိုင်သာယာ၊ ရန်ကုန်)၊ Lia Zen Thawn Niang (ခ) ဇင်ဇင်၊ Pa Cin Pian Sang(စည်ပင်သာယာရဲတပ်ဖွဲ့၊ မန္တလေး)၊ Lia Cin Lam Cing(ပြည်သူ့ဆေးရုံ၊ စဉ့်ကူး)၊ Tg. Nang Suan Tung (MRTS ကျမ်းစာကျောင်း၊ မှော်ဘီ)တို့၏ချစ်လှစွာသောဖခင်၊ Nu Hau Suan Nuam (စဉ့်ကူးမြို့)၏ ချစ်လှစွာသောခင်ပွန်း ဦးဆွင်းရှန်းထန်@ဦးထန် (ဓမ္မဆရာ-ပျော်ရွှင်သောဧဝံဂေလိအသင်းတော်၊ သာသနာပြုဆရာ၊ သုံးပါးတစ်ဆူ အေဂျီအသင်းတော်၊ မန္တလေး)သည် ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀:၅၀ နာရီတွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၁-၃-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံခန်းမ၌ ဆုတောင်းဝတ်ပြုပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (ယုဇနဥယျာဉ်မြို့တော်(ပိတောက်ကွေ့)၊မောရှေလဘုရားကျောင်း၊ လှိုင်သာယာမြို့နယ်၊ ၈၈/က၊ ပဲခူးလမ်းမှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်လှ (စီမံကိန်းစက်ရုံ၊ ဝါဇီ-ငြိမ်း) အသက်(၁၀၀)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာနေ (ဦးဖိုးသာ-ဒေါ်ရွှေမြိုင်)တို့၏သမီး၊ ဦးအေးကို (အမှတ်-၂၊ သတ္တုတွင်း-ငြိမ်း)-ဒေါ်ယဉ်ယဉ်မြ (အလက-ငြိမ်း)၊ ဦးလှဝင်း-ဒေါ်နွဲ့နွဲ့အေး၊ ဦးငွေထွဏ်း (Asia World Point Terminal)-ဒေါ်နိုင်နိုင်(မြန်မာ့စီးပွားရေးဘဏ်၊ သဃ်န်းကျွန်း)၊ ဦးကြည်ဝေ(M.D K.Teack Co.,Ltd)-ဒေါ်အေးအေး(အမှတ်-၂၊ ငွေစုဘဏ်ခွဲ၊ ငြိမ်း)တို့၏မိခင်၊ မြေး ၁၃ ယောက်၊ မြစ်ကိုးယောက်တို့၏အဘွား၊ ဦးစိန်လှအောင် (အရာခံဗိုလ်-ငြိမ်း၊ ဝါဇီ-ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့) နံနက်တွင် အမှတ်(၆၈၂)၊ သုနန္ဒာလမ်း၊ (၄)ရပ်ကွက်နေ ဦးကြည်ဝေ-ဒေါ်အေးအေးတို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးဖေမြ
**အရာခံဗိုလ် (ငြိမ်း)၊ တိုင်းမန်နေဂျာ (ငြိမ်း)**
**အသက် (၈၆) နှစ်**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ကန်ရွာနေ (ဦးအုန်းခိုင်-ဒေါ်လှမြိုင်)တို့၏သား၊ ဒေါ်မြငွေ၏ အစ်ကို၊ (ဒေါ်ဌေးဌေးစိန်)၏ ခင်ပွန်း၊ ဦးဇော်လွင်ဦး-ဒေါ်ခင်ဌေးရည်၊ ဦးအောင်အောင်(လက်ထောက်မန်နေဂျာ-GROUP OF COMPANIES)၊ (ဦးမျိုးသန့်)၊ ဒေါ်သန္တာဖေ (မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်-MFTB)၊ ရဲအုပ်ကျော်ခ-ဒေါ်စန္ဒာမြင့်(ဦးစီးအရာရှိ၊ မိုး/ဇလ)တို့၏ ကျေးဇူးရှင် မွေးသဖခင်၊ ဗိုလ်ကြီးအေးချမ်းမောင်-ဒေါ်ခင်ပြည့်လင်းသော်၊ ဦးထက်အောင်ဇော် (Myanmar IFTD Co.,Ltd)၊ ဦးကောင်းထိုက်စံ(အကောက်ခွန်)၊ မနှင်းမေခတို့၏ အဘိုး၊ မောင်လင်းပြည့်သာ၊ မောင်အောင်ချမ်းဘုန်းပြည့်တို့၏ဘိုးဘိုးကြီး ဦးဖေမြသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုသရေးဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၃၀)၊ နန္ဒဝန်လမ်း၊ စမ်းချောင်းတောင်ရပ်ကွက်၊ ရန်ကုန်မြို့နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ စမ်းချောင်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**စိုက်ပျိုးရေးရုံးချုပ်ဝန်ထမ်းဟောင်းများအသင်း**
## ဦးတင်အောင်
**အသက်(၇၃)နှစ်**
**ရုံးအုပ်(ငြိမ်း)ဝယ်/ဖြန့်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ နေကြာလမ်းနေ ဦးတင်အောင်သည် ၆-၃-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၈-၃-၂၀၂၀ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့ဒါယကာကြီး**
## ဦးညီညီဝင်း (အုတ်ဖို)
**အသက် (၇၀)**

အမှတ်(၄)၊ အခန်း(၅/က)၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ [စာရေးဆရာကြီး သိပ္ပံစိုးလှ-ဒေါ်အုန်းမြ(အုတ်ဖို)]တို့၏သားလတ်၊ [ဦးမြ-ဒေါ်မေသင်(မိုးကုတ်) ]တို့၏သားသမက်၊ ဒေါ်ဆွေဆွေဝင်း @ Susie Mya ၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်သက်နိုင်၊ (ဦးဟိန်းညီညီဝင်း)-ဒေါ်သက်ထားနွယ် (Mango Group)တို့၏ချစ်လှစွာသောဖခင်၊ မောင်ညီမင်းဇံ(Yr.5, PISM)၏ချစ်လှစွာသောဘိုးဘိုး ဦးညီညီဝင်းသည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ရဲ-၃၁၃၂ ဒုတိယရဲမှူးကြီးကျော်ဇံ
**အသက်(၅၈)နှစ်**
**တပ်တွင်း-ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၅/၉၁)**
**မှူခင်းရဲတပ်ဖွဲ့၊ နေပြည်တော်**

သနပ်ပင်မြို့နေ (ဦးအောင်မြင့်-ဒေါ်လှမြင့်)တို့၏ သားကြီး၊ ရန်ကုန်မြို့နေ (ဦးစိန်ထွန်းအောင်-ဒေါ်တင်ဦး)တို့၏ သားသမက်၊ အရာခံဗိုလ်အောင်ကြီး-ဒေါ်ညိုညိုအောင်၊ မန္တလေးမြို့နေ ဒုတိယရဲမှူးကြီးခိုင်စိုး(ငြိမ်း)-ဒေါ်မို့မို့ဦး၊ (ဦးဆန်းထွန်း)-ဒေါ်ခင်မမ (လျှပ်စစ်ဝန်ကြီးဌာန၊ နေပြည်တော်)တို့၏ အစ်ကိုကြီး၊ Singapore နိုင်ငံနေ ကိုတေဇာမြင့်-မထူးတင့်ဝေတို့၏ဖခင်၊ ဒေါ်သီတာအောင်(အလပြ-ငြိမ်း၊ အထက-၄၊ အင်းစိန်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၃-၂၀၂၀ (တနင်္လာနေ့) ဒေသစံတော်ချိန် ၂၁:၁၇ နာရီတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ တာဝန်ထမ်းဆောင်နေစဉ် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ တ/ဥက္ကလာ၊ ၁၁-ရပ်ကွက်၊ ရာဇသင်္ကြန်-၄ လမ်း၊ အမှတ်-၁၆၇ နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ကိုကျော်ဇင်ဟန် (ခ) ကိုဇော်
**အသက် (၃၇) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ရန်ကြီးအောင်လမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ အမှတ်(၁၃၅၀)နေ (ဦးလှထွန်း-ဒေါ်မာမာရီ)၊ (ဦးကျော်သန်း)-ဒေါ်တင်သန်းတို့၏မြေး၊ ဦးဇော်ထွန်း-ဒေါ်နုနုတို့၏ တစ်ဦးတည်းသောသား၊ ဦးမောင်မောင်-ဒေါ်အေးစန္ဒီတို့၏သားသမက်၊ မောင်စည်သူဟိန်းထက်၊ မောင်ဘုန်းမြကျော်ဇင်တို့၏ချစ်လှစွာသောဖခင်၊ မပိုးဒါလီမောင်မောင်(ခ) ပိုးပိုး၏ချစ်လှစွာသောခင်ပွန်း ကိုကျော်ဇင်ဟန်(ခ)ကိုဇော်သည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁:၅၅ နာရီတွင် ရန်ကုန်မြို့၊ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ဂူသွင်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း မယ်တော်ကြီး**
## ဒေါ်ကုန္ဒဒီ
**မဟာဂန္ထဝါစကပဏ္ဍိတသာသနဓဇဓမ္မာစရိယအဂ္ဂမဟာအကျော်**
**သိက္ခာတော် (၆၈) ဝါ၊ သက်တော် (၉၅) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့၊ အမ္ဗာရာမသီလရှင်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာကြီး မဟာဂန္ထဝါစကပဏ္ဍိတသာသနဓဇဓမ္မာစရိယ အဂ္ဂမဟာအကျော် ဒေါ်ကုန္ဒဒီသည် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်) (တနင်္လာနေ့) ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်) (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ဒရယ်ချောင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူ ဆရာကြီး ဒေါ်ကုန္ဒဒီအားရည်စူး၍ (၁၃၈၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်) (စနေနေ့) နံနက် ၆ နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] တပည့်ဒါယကာ၊ ဒါယိကာမများ

## Mr.Yin Ji Ze (ခ) ဦးရင်ကြည်ချယ်
**နန်ရန်တရုတ်ကျောင်းဆရာကြီး**
**အသက် (၉၃) နှစ်**

ရန်ကုန်မြို့၊ အမှတ်(၁၇)၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)နေ ဒေါ်တင်တင်လှ (ခေတ္တ-BKK)၏ ချစ်လှစွာသောခင်ပွန်း၊ Mr. Nelson-Ms.Margaret Lau၊ ဦးစိန်လွင် (3W.Shop၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဒေါ်တင်တင်မြင့် (မီးမီး)၊ New ပွင့်ဖူး(ပင်ရင်းပါတိတ်)၊ ဦးဖေသန်းညွန့် (ခ) Harrison Yin- Ms Sutira (BKK)၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၈-၃-၂၀၂၀ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အမှတ်-၁၇၊ ဗဟိုလမ်း-ခိုင်ရွှေဝါလမ်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## Dr.ဦးမျိုးဟန်
**ဒုဗိုလ်မှူးကြီး (ငြိမ်း)၊ ကြည်း-၃၄၈၈**
**အစာအိမ်၊ အူလမ်းကြောင်းအထူးကုသမားတော်ကြီး**
**အသက် (၇၆) နှစ်**

အမှတ်(၁၂-A)၊ ဗောဓိရိပ်သာ၊ သံလွင်လမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ (ဦးကံညွန့်-ဒေါ်ခင်ညွန့်)တို့၏ သားကြီး၊ (ဦးခင်မောင်လတ်-ဒေါ်သန်းနွဲ့မေ)တို့၏ သားသမက်၊ Dr.ဒေါ်ခိုင်သဇင်လတ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဇင်မောင်လတ်-မဝင်းဖြူဖြူ မောင်မျိုးဟန်လတ်တို့၏ ချစ်လှစွာသောဖခင် Dr.ဦးမျိုးဟန်သည် ၁၀-၃-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ယုဒသန်ဘုရားရှိခိုးကျောင်း(Judson Church)၌ ဝတ်ပြုဆုတောင်းပြီး မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးသိန်းရွှေ
**အသက်(၇၄)နှစ်**
**သဘော်အင်ဂျင်နီယာချုပ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ လမ်း(၄၀)နေ [ဦးထွန်းနေ-ဒေါ်ညို(တွံတေး ရှမ်းစုရပ်)]တို့၏သား၊ (ဒေါက်တာဦးတင်မောင်-ဒေါ်ခင်ကြည်)တို့၏ သားသမက်၊ ဒေါ်မြမြသွယ် (ဒေါ်ဘေဘီ) (စာရင်းစစ်ချုပ်ရုံး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဉာဏ်ထွန်းအောင်-ဒေါ်ဖြူဖြူ(ခေတ္တ-USA)၊ ဦးသန့်တင်မောင်-ဒေါ်နွေးနွေးလွင်တို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ပြည့်ဖြိုးအောင်၏ ချစ်လှစွာသောအဘိုးသည် ၉-၃-၂၀၂၀ (တနင်္လာနေ့) နံနက် ၃:၄၇ နာရီတွင် ရွှေလမင်း(လမ်းမတော်)အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် အမှတ်(၄)၊ ဒုတိယထပ်၊ သုခမိန်လမ်း၊ စမ်းချောင်းမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ထားထားကြည် (ခ) မူမူ
**အသက် (၅၉) နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၂၉)လမ်း(အောက်)၊ အမှတ်(၅၁)၊ ပထမထပ်နေ ဦးအောင်စိန်၏ ချစ်လှစွာသောဇနီး၊ ကိုတင့်ထူးအောင်-မနန္ဒာဝင်း၊ ကိုတင့်ထူးနောင်၊ ကိုကောင်းပြည့်အောင်တို့၏ ချစ်လှစွာသောမိခင်၊ မဆုဝတီထက်၏ ချစ်လှစွာသောအဘွားသည် ၉-၃-၂၀၂၀ (တနင်္လာနေ့) ည ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

